ရေနားပင်လုံကျေးရွာ
ရေနားပင်လုံကျေးရွာအုပ်စု၊ဆင်ဘိုမြို့နယ်
မြစ်ကြီးနားမြို့

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရေနားပင်လုံကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

သြဂုတ်လ၊ ၂၀၂၀

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၅

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၅

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ၅

(ခ) မွေးမြူရေးလုပ်ငန်း ၆

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၆

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၆

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၆

(ခ) ကျေးရွာမီးလင်းရေး ၇

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၇

၆။ ပညာရေး ၇

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၇

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၈

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၉


နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၀

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၁၄

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ


ရေနုးယင်လုံကျေးရွာနယ်နမိတ် မြေပုံ
ကုန်သည်လမ်း
ရထားတီးမြစ်


ရေနှံယင်းကုံ
ရာသီပြောင်းပြန်ဒဿဒိန်
January
February
March
April
May
June
July
August
September
October
November
December


ရည်ရွယ်ချက်
ဗဟုသုတချဲ့ထွင်ခြင်းဆိုင်ရာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ရေနားပင်လုံကျေးရွာသည် မြစ်ကြီးနားမြို့နယ် ၊ဆင်ဘိုမြို့ ရေနားပင်လုံကျေးရွာအုပ်စု၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင်တည်ရှိသည်။ကျေးရွာသည်မြစ်ကြီးနားမြို့မှ ဆင်ဘိုမြို့ထိရေလမ်း (၈၄)မိုင်၊ဆင်ဘိုမြို့မှရေနားပင်လုံကျေးရွာထိ ကုန်းလမ်း(၃) မိုင် အကွာတွင်တည်ရှိပါသည်။ ကျေးရွာသည် ဧရာဝတီမြစ်ပထမမြစ်ကျဉ်းနှင့် အနီးဆုံးရွာဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် ခါတ်ငွေ့၊ ရေနုံ၊ ကျောက်မျက်နှင့်အခြားတွင်းထွက်သယံဇာတများမရှိသော်လည်း ကျောက်၊ သဲ၊ ကျောက်စရစ်များ ကို မြစ်လည်ကျွန်းတွင် အသင့်အတင့်တွေ့ရှိနိုင်ပြီး စက်လှေဖြင့်တိုက်၍ အသုံးပြုနိုင်သော်လည်း မိုးတွင် အချိန်တွင်မရရှိနိုင်ပါ။ သဘာဝအပင်မျိုးစိတ်များအနေဖြင့်သဘာဝသစ်တောအနည်းငယ်နှင့် ဆေးဘက်ဝင်အပင်များစွာထွက်ရှိပြီး ဆေးဘက်ဝင်အပင်များကို အလွယ်တကူရှိနိုင်ပါသည်။ အမဲလိုက်ခြင်းများကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် လိပ်၊ ချေ၊ ဆတ်၊ တောဝက်၊ ကြက်တူရွေး စသည်တို့ အနည်းငယ်သာ ကျန်ရှိနေတော့သည်။

စိုက်ပျိုးရေ အနေဖြင့် မိုးရေကိုသာသုံးစွဲကြပြီး ကျေးရွာသည်ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသော်လည်း စိုက်ပျိုးရေအတွက် ထိရောက်စွာအသုံးပြုနိုင်ခြင်းမရှိကြပါ။ စိုက်ပျိုးမြေကော စုစုပေါင်း (၄၀၀.၆)ဧကရှိပြီး စပါး၊ ပြောင်း၊နှမ်း နှင့် မုန့်ညင်းများစိုက်ပျိုးသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရေနားပင်လုံကျေးရွာတွင်း အဖွဲ့ပေါင်း (၆) ဖွဲ့ရှိပြီး လူမှုကူညီရေးအသင်း အဖွဲ့(၁)ဖွဲ့၊ ပေါ်ခိန်/မယ်ခိန်အဖွဲ့(၁)ဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့(၁)ဖွဲ့၊ မီးသတ်အဖွဲ့(၁)ဖွဲ့၊ ကြက်ခြေနီ အဖွဲ့(၁)ဖွဲ့နှင့် သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့(၁)ဖွဲ့တို့ဖြစ်သည်။ ၎င်းအဖွဲ့များသည် အချင်းချင်းစည်းလုံးမှုရှိကြပြီး စွမ်းဆောင်နိုင်မှုများလည်းကောင်းမွန်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့အစည်း (၂)ဖွဲ့ရှိသည်။ ၄ကဖျားတိုက်ဖျက်ရေးအဖွဲ့နှင့် ရှမ်းရေးရာအဖွဲ့တို့ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် ၁၂.၅ဧကအထက် တောင်သူကြီး (၆) အိမ်ထောင်စု၊ ၁၂.၅ဧကနှင့် ၅ဧကကြား တောင်သူလတ် (၃၃) အိမ်ထောင်စု နှင့် ၅ဧကမှ၂.၅ဧကကြား တောင်သူငယ် ၁၁၌း နှင့် ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ ၁၂၌း နှင့် မြေယာမဲ့ ၁၆၌းရှိသည်။ အဓိကအားဖြင့် စပါး၊ ပြောင်းနှင့် မုန့်ညင်းတို့ကို အားကိုးစိုက်ပျိုးကြသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းသည်။

ကျေးရွာတွင်လယ်အများစုမှာမိုးရေကို အဓိကထားစိုက်ပျိုးကြရသည်။စပါးထွက်နှုန်းမှာတစ်ဧကပျှမ်းမျှ (၅၀) တင်းထွက်သည်။ ပြောင်းပျှမ်းမျှထွက်နှုန်းမှာ ၆၀ တင်းနှုန်းထွက်သည်။ ကျေးရွာတွင်းရှိလယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွက်စက် ၂၃ စင်း၊ အစေ့ချကိရိယာ ၆ခု၊ ရေစုပ်စက်

၃၁ခုနှင့်မြက်ရိတ်စက်၅၄ခုသာရှိပြီးပိုင်ဆိုင်သူဦးရေနည်းသည်။လက်တွန်းထွန်စက်ငှားရမ်းအသုံးပြုမည် ဆိုပါက ၁ ဧက ၂၅၀၀ / ၃၅၀၀ နှုန်း ပေးကြရသည်။ ကျွဲနွားဖြင့်ထွန်သောအိမ်ထောင်စုများလည်း ရှိသည်။

သီးနှံအထွက်နှုန်းတိုးစေရန် အခက်အခဲများမှာ သီးနှံမျိုးစေ့များကိုဝယ်ယူရရှိနိုင်သော်လည်း ဈေးကြီးပြီး ဝယ်ယူရန်အလမ်းဝေးသည်။ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေဩဇာများကို ဝယ်ယူရရှိရန် ခက်ခဲပြီး ဓာတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများကို အလွယ်တကူ မရရှိနိုင်ပါ။ စိုက်ပျိုးချိန်တိုက်သောအချိန်များတွင်လည်း လုပ်သားအလွယ်တကူမရရှိနိုင်ပါ။ သီးနှံများကို ရောင်းချနိုင်သော်လည်း သီးနှံဖျက်ပိုး အသင့်အတင့်ကျရောက်သည်။ ၁၂ရာသီစိုက်ပျိုးနိုင်ရန် အတွက် ဆည်မြောင်းများပြုလုပ်ပေးစေလိုကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ် မွေးမြူ လေ့မရှိ။ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိကြသည်။ နွားကို ၅ အိမ် မှ ၁၆ကောင်၊ ကျွဲကို ၄၀ အိမ်မှ ၂၀၀ ကောင်၊ ဝက်ကို ၅၅ အိမ်မှ ၁၁၂ ကောင်နှင့် ကြက်ကို ၆၇ အိမ်မှ ၈၉၇ ကောင် မွေးမြူကြသည်။ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော်လည်း ဧရာဝတီမြစ်အတွင်းဖမ်းယူနိုင်ကြသည်။

မွေးမြူရေးတိုးမြှင့်လုပ်ကိုင်ရန်အခက်အခဲများမှာစားကျက်မြေရှားပါးသည်။ မျိုးကောင်းတိရစ္ဆာန် များ ကိုဝယ်ယူနိုင်ခြင်းမရှိပါ။ မွေးမြူရေးတိုးမြှင့်ရန် လွယ်ကူစွာချေးယူနိုင်ခြင်းမရှိ။ သွင်းအားစုများ လွယ်ယူစွာ ဝယ်ယူမရနိုင်ပါ။ ထုန်ကုန်များကိုရောင်းချနိုင်သော်လည်း ဈေးကွက်မရှိ ရွာအတွင်း ရောင်းချ ခြင်း သာရှိသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်သောကြောင့် စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းများမှာ ကျပန်း၊ အခင်းခုတ်၊ တောလည်ခြင်းစသည့် အလုပ်များသာရှိပြီး အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုတတ်မြောက်မှုတွင်လည်း ကျွမ်းကျင်စွာ တတ်မြောက် ခြင်းမရှိကြသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများတက်ရောက်လိုကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမချေးငွေ နှင့် မြစိမ်းရောင်ချေးငွေ (၃)မျိုးရှိသည်။ ချေးငွေ (၃) ခုလုံးမှာ ကာလတို/လတ်ချေးငွေများဖြစ်ပြီး လိုအပ်သည့် အချိန်၊လိုအပ်သလောက်မရနိုင် ကြပါ။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုအပ်သည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ ၆၇ စင်း၊ စက်လှေ ၂ စင်း၊ စက်ဘီး ၉ စင်း၊ မော်တော်ဆိုင်ကယ် ၄၉ စီး၊ ထော်လာကျီ ၃ စီး၊ ကား ၄ စီးနှင့် နွားလှည်း ၈ စီးရှိသည်။ ရေလမ်း ကြောင်းတစ်ခုထဲသာရှိသောကြောင့် အချိန်မရွေးအရေးပေါ်သွားလာရန်လိုအပ်ပါကအခက်အခဲ ရှိသည်။

ရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းမှာ ကျောက်ခင်း လမ်းဖြစ်သည်။ မိုးတွင်းချိန်တွင် ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရခက်ခဲပြီးနွေရာသီတွင် ဖုန်ထသောကြောင့် သွားလာရအဆင်မပြေမှု များရှိသည်။ ထို့ကြောင့် ရွာချင်းဆက်လမ်းအား ပြန်လည်ပြုပြင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ကျေးရွာတွင် တံတားအသုံးပြုမှုအနေဖြင့် ကွန်ကရစ်တံတား(၁)စင်း၊ သစ်သားတံတား(၁)စင်းနှင့် ရေပြွန်တို့ရှိပါသည်။ တံတားအရည်အသွေးမှာ အသင့်အတင့်ရှိပြီး တစ်နှစ်ပတ်လုံးအသုံးပြုပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာသုံးစွဲသူအရေအတွက် ၅၃ အိမ်ထောင်စုရှိပြီး လျှပ်စစ်မီးအသုံးမပြုနိုင် သော အိမ် ၂၅ အိမ်ရှိသည်။ လျှပ်စစ်မီးရရှိလိုကြသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် ၇၁ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော နှင့် အော်ရီဒူး ၃ မျိုးစလုံးလိုင်းမိပြီး ကျေးရွာတွင် ဆက်သွယ်ရေးတိုင်များမရှိ သောကြောင့် လိုင်းသိပ်မကောင်းပါ။ရေဒီယို အလုံး(၈) ၊ တီဗီ ၁၉လုံးနှင့် ဂြိုလ်တုစလိုင်း (၁၁) လုံးရှိ သည်။ လျှပ်စစ်မီးမရှိသောကြောင့် အသုံးပြုသူသိပ်မရှိခြင်းဖြစ်သည်။

၆။ ပညာရေး

ကျေးရွာတွင် မူလွန်ကျောင်းဖြစ်၍ အလယ်တန်း နှင့် အထက်တန်း အဆင့်ကို ဆင်ဘိုမြို့တွင် တက်ရောက်ရသောကြောင့်အထက်တန်းကျောင်းတက်သူဦးရေနည်းပါးသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင်းသူအနည်းငယ်ရှိပါသည်။ ကျောင်းဆောင်နှစ်ဆောင်ရှိသော်လည်း တစ်ဆောင်မှာ ဟောင်း၍ အသင့်အတင့်သာကောင်းမွန်သည်။ကျောင်းပရိဘောဂနှင့်ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ များလုံလောက်မှုမရှိပါ။

စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ(၁၉၃)ဦးနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ (၈၈)။ အထက်တန်းအဆင့်တတ်မြောက်သူ(၃၆)ဦးနှင့် တက္ကသိုလ်အဆင့်ထိ စာတတ်မြောက်သူ (၄)ဦး ရှိသဖြင့်ကျေးရွာ၏လူဦးရေရာခိုင်နှုန်းထက်ဝက်ကျော်မက စာတတ်မြောက်ကြသဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများဖြစ်စေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း ၁ မိုင်ခန့်ဝေးသော မြသာကျေးရွာတွင် ရှိပြီး ကုတင်နှင့် ဆေးဝါးလုံလောက်မှုရှိပါသည်။ (၃) မိုင်ခန့်ဝေးသောဆင်ဘိုမြို့ဆေးရုံလည်းရှိသည်။ အခန်း/ ကုတင် နှင့်ဆေးဝါးလုံလောက်မှုရှိပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်ရှိပြီးဆေးဆိုင်တွင် ဆေးဝါးများ ကို စနစ်တကျသိုလှောင်ထားပါသည်။ အရေးပေါ်အခြေအနေများဖြစ်ပါကမြစ်ကြီးနားပြည်သူ့ ဆေးရုံနှင့် ဗန်းမော်ပြည်သူ့ဆေးရုံသို့ သွားကြရပြီး ဗန်းမော်ဆေးရုံသို့ အသွားများကာ စက်လှေအသေးဖြင့် သွားကြ ရပြီး ၄ားခ (၈၀၀၀၀) ကျပ်ပေးကြရ သည်။ အင်းလေးဘုတ်၄ားလျှင် (၁၅၀၀၀၀) ကျပ်ပေးကြရသည်။ လူနာပို့ဆောင်ရာတွင် ရေကြောင်းခရီးသာရှိခြင်းတို့ကြောင့် အခက်အခဲများရှိသည်။

အဝီစိတွင်း/စက်တပ်(၁)တွင်းသာရှိပြီး(၇၈)အိမ်ထောင်စုလုံးအသုံးပြု ကြသည်။ မိုးရေသိုလှောင်ကန်ကို(၁၀) အိမ်ထောင်စုမှ အသုံးပြုကြပြီး သုံးရေနှင့် ချိုးရေများကို ဧရာဝတီ မြစ်ရေ/ချောင်းရေများကို အိမ်ထောင်စု(၇၈)စုလုံးအသုံးပြုကြသည်။ နွေရာသီတွင်ရေအနည်းငယ်အထွက်နည်းသည်။ ထို့အပြင် အဝီစိတွင်း / စက်တပ်အား ရေအရည်အသွေးစစ်ဆေးထားခြင်းလည်းမရှိပါ။ ထို့ကြောင့်စက်ရေတွင်း တူးဖော်လိုကြသည်။

ကျေးရွာတွင် (၇၈) အိမ်ထောင်စုရှိပြီး ကျန်းမာရေးအတွက် အဓိကထား ဆောင်ရွက်နေသည့် အတွက် အိမ်တိုင်းရေလောင်း/ ယင်လုံအိမ်သာများကို စနစ်တကျတည်ဆောက် အသုံးပြုလုပ်ထားပါသည်။ ကျန်းမာရေးဌာနမှလည်း လိုအပ်သလိုအချိန်နှင့်တပြေးညီ စစ်ဆေးကြပ်မတ်နေပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လူငယ်များသည် မူးယစ်ဆေးဝါး အန္တရာယ်အချိန်မရွေးကျရောက်နိုင်ခြင်းကြောင့် ထိခိုက်မှုလွယ်မှုမြင့်သည်။ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ ၊ ဆင်းရဲသားတောင်သူများ နှင့် လက်လုပ်လက်စားကျပန်းစသည် ၎င်းအိမ်ထောင်စုများသည် အရေးပေါ်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

မြစ်ကမ်းဘေးနေထိုင်သူများနှင့် မြေနိမ့်ပိုင်းနေထိုင်သူများသည် ဧရာဝတီမြစ်ရေတက်ချိန်တွင် မြေပြိုမှုများဖြစ်ပေါ်တတ်ခြင်းနှင့် ရေမြုပ်ခြင်းများကြောင့်ဖြစ်သည်။

ရေနားပင်လုံကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအ နေဖြင့် မြေဆီဩဇာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုတို့တွင် အန္တရာယ်ရှိမှုလတ်ဖြစ်ပြီး ငါးမျိုးကွဲများ၊အခြားတိရစ္ဆာန်မျိုးကွဲများနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတို့တွင် အန္တရယ်ရှိမှုနိမ့်သည်။

ဓါတ်မြေဩဇာများ အလွန်အကျွံအသုံးပြုခြင်း၊ နှင့် ရွှေ့ပြောင်းတောင်ယာစနစ်စိုက်ပျိုးမှုကြောင့် မြေဆီဩဇာအခြေအနေအန္တရာယ်ရှိမှု လတ်ဖြစ်သည်။ လူအသုံးဝင်သစ်၊ ဆေးဖက်ဝင်အပင်၊ သစ်ခွတို့ကို အလွန်အကျွံခူးယူခြင်းတို့ကြောင့် အပင်မျိုးစိတ်များ တဖြည်းဖြည်းရှားပါးလာပြီး အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ ဧရာဝတီမြစ်အတွင်းတွင်ရွှေကျင်မှုများရှိသဖြင့် ရေအရင်းအမြစ် အန္တရာယ်ရှိလတ်သည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ရေနားပင်လုံကျေးရွာ၏ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ ခေါင်းဆောင်မှု မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်ကြသည်။ ကျေးရွာအတွင်းရှိမိန်းကလေးများ/အမျိုးသမီးများအားသံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများမရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုတွင် ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာဥပဒေများ ပြုလုပ်လေ့ရှိသော်လည်း အသိပညာအားနည်းနေသေးသည်။ ထို့ကြောင့် အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ခြင်းဥပဒေဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ပါ သည်။

၁၀။ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ(ရေနားပင်လုံကျေးရွာ)

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ပေးရန် နှင့် ဆရာမ ချထားပေးခြင်း	၃
၂	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၂။ ကျောင်းသောက်ရေသန့်ရရှိရေး	၁၁
၃	လမ်းတံတားနှင့်အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း	၃။ ရွာတွင်းတံတားဆောက်လုပ်ခြင်း	၁
		၄။ ရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်း	၄
		၅။ ဆက်သွယ်ရေးတာဝါတိုင်များတိုးချဲ့ပေးခြင်း	၅
		၆။ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၆
၄	သောက်သုံးရေရရှိမှုစီမံကိန်း	၇။ စက်ရေတွင်းတူးဖော်ခြင်း	၂
၅	စိုက်ပျိုးရေးဖွံ့ဖြိုးမှုစီမံကိန်း	၈။ ဆည်မြောင်းဆောက်လုပ်ပေးခြင်း	၉
၆	စိုက်/မွေးမဟုတ်သောအက်မွေးဝမ်းကျောင်း နည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၉။ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်	၆
၇	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁၀။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးဟောပြောပွဲ	၁၂
၈	အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးဖွံ့ဖြိုးမှုစီမံကိန်း	၁၁။ အမျိုးသမီးအိမ်တွင်းအကြမ်းဖက်ခြင်းဥပဒေဆိုင်ရာဟောပြော ပွဲများ	၈
၉	သဘာဝဘေးလျော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း	၁၂။ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးခြင်း (ကား)	၁၀
		၁၃။ ရေကြီးမှုဖြစ်ပွားပြီးလျှင် (စိုက်ပျိုးမျိုးများနှင့်တိရိစ္ဆာန်မျိုးများ ထောက်ပံ့ခြင်း)	၁၃

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၁	၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၇	၅	၁၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၃	၉	၂၂
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၆	၂၃	၃၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၀	၁၃၅	၂၆၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၁	၁၈	၂၉
စုစုပေါင်း		**၁၇၈**	**၁၉၁**	**၃၆၉**
စုစုပေါင်းအိမ်ထောင်စု		**၇၈**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရေနားပင်လုံကျေးရွာသည် အိမ်ထောင်စု (၇၈)စု၊ လူဦးရေ (၃၆၉)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သော နို့စို့အရွယ်တစ်နှစ်အောက်ကလေး (၂)ဦး (၀.၅၄%) ၊ ငါးနှစ် အောက်ကလေးအရွယ် (၁၂)ဦး (၃.၂၅ %)၊ မူလတန်းကျောင်းသားအရွယ် (၂၂)ဦး (၆%) ၊ အလယ်တန်း ကျောင်းသားအရွယ် (၃၉)ဦး(၁၀.၇%) ၊ အလုပ်လုပ်နိုင်သည့်အရွယ် (၂၆၅)ဦး (၇၂.၉)% နှင့်သက်ကြီး ရွယ်ကြီး(၂၉)ဦး(၇.၉%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏(၂၇.၁%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၁၇၈)ဦး ၊ မ (၁၉၁)ဦး စုစုပေါင်း (၃၆၉) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏(၇၂.၈ %)ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၇)ဦးနှုန်းရှိသော ကြောင့် မြန်မာနိုင်ငံ၏ ကျေးလက်အိမ်ထောင်စုတစ်အိမ်ထောင်စံနှုန်း (၅) ဦးနှုန်း ထက်လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ

		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၀	၁၅၆		မြင့် ☒ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၇	၃၉	-	မြင့် ☐ လတ်☒ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	၃	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐

၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	-	-	၂၁	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☒ နိမ့် ☐
	စုစုပေါင်း	၇၇	၁၉၆	၂၅	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ "အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင် **"မိသားစုဝင် လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါ သည်။ ဥပမာ -

"စိုက်ပျိုးရေး" ကဏ္ဍ ၏ **"ဝကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေးကို လုပ်ကိုင်ကြပြီးတွဲဘက်အနေဖြင့် ကျပန်းလုပ်ကိုင်သောအိမ်ထောင်စု (၈) အိမ်ထောင်စုရှိပြီး ၎င်းအိမ်မှ ၂၁ ဦး နှင့် လက်သမားပန်းရံလုပ်ကိုင်သူ ၃ ဦး၊ ဝန်ထမ်းလုပ်ကိုင်သူ ၁ဦး ရှိသည်။အိမ်ထောင်စုတစ်စုမှာ အသက်ကြီးသော အဘွားဖြစ်ပြီးမိသားစုမရှိသောကြောင့်ရပ်ရွာမှ ကြည့်ရှု ထားရသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ် ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	နေ့စား	၁၀၀၀၀		၆၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှ ပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				

၁၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊အမျိုးသမီး အုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ * ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ x ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၂ မျိုးရှိသည်ကို တွေ့ရသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလက်သမား၊ ပန်းရံလုပ်ငန်းများ ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခတန်းတူ ရရှိကြသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသမီးများအလုပ်မရရှိကြပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၇၂.၆	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၁၀.၅	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂.၅	ကောင်း ☐	သင့်☐	ညံ့ ☒
ကိုင်း/ကျွန်းမြေ	၁၅	ကောင်း ☐	သင့်☒	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၄၀၀.၆	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်မြေဧက ၂၇၂.၆ဧကရှိပြီးမြေဆီလွှာအရည်အသွေးအသင့်အတင့် သာရှိသောကြောင့် စပါးအထွက်နှုန်းနည်းသည်။ ယာမြေ/တောင်ယာမြေဧက ၁၁၀.၅ဧက နှင့် ကိုင်းကျွန်း ၁၅ဧကရှိပြီး မြေဆီလွှာအရည်အသွေးအသင့်အတင့် ကောင်းမွန်သည်။ဥယျာဉ်ခြံမြေမှာ ၂.၅

ဧကရှိပြီး မြေဆီလွှာအရည်အသွေးညံ့သောကြောင့် စိုက်ပျိုးခြင်းမရှိပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)	များ ☐ သင့် နည်း မရှိ ☒	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ် ☐ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☒ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☒
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း☒ မရှိ ☐	☒

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန။

လေ့လာတွေ့ရှိချက်။ ။ ရေနားပင်လုံကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ကျောက်မျက်နှင့်အခြားတွင်းထွက်သယံဇာတများမရှိသော်လည်း ကျောက်၊သဲ၊ကျောက်စရစ်များကို မြစ်လည်ကျွန်းတွင်အသင့်အတင့်တွေ့ရှိနိုင်သော်လည်း စက်လေ့ဖြင့်တိုက်၍ အသုံးပြုရသောကြောင့် မိုးတွင်းအချိန်တွင်မရရှိနိုင်ပါ။ သဘာဝအပင်မျိုးစိတ်များ အနေဖြင့် သဘာဝသစ်တောအနည်းငယ်နှင့် ဆေးဘက်ဝင်အပင်များစွာထွက်ရှိပြီး ဆေးဘက်ဝင်အပင်များကို အလွယ်တကူရှိနိုင်ပါသည်။ အမဲလိုက်ခြင်းများကြောင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များအနေဖြင့် လိပ်၊ ချေ၊ ဆတ်၊ တောဝက်၊ ကြက်တူရွေး စသည်တို့အနည်းငယ်သာ ကျန်ရှိနေတော့သည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၉ဧကနှင့်အထက်	၈ဧက-၃ဧက	၃ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	ပျဉ်ကာ၊သွပ်မိုး	သွပ်မိုး၊ထရံကာ	သွပ်မိုး၊ထရံကာ	ထရံကာ၊မိုးကာမိုး

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သော အိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ်၊ကျွဲ၊နွား၊ဖုန်း၊တီဗီ၊ဆန်စက်အသေး	ဆိုင်ကယ်၊စက်ဘီး၊ကျွဲ၊နွား၊ဖုန်း၊တီဗီ	ဆိုင်ကယ်	-
အဓိကစီးပွားရေးလုပ်ငန်း	လယ်/ယာ	လယ်/ယာ	လယ်/ယာ	ကျပန်း
အိမ်ထောင်စု (၁၁၀)	၂၀	၃၀	၁၀	၁၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ရေနားပင်လုံကျေးရွာတွင်အိမ်ထောင်စု (၇၈)စု ရှိပြီးအဆင်ပြေသော အိမ်ထောင်စုနှင့်အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏(၅၁.၃)ရာခိုင်နှုန်းရှိပြီးလယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြသည်။မပြေလည်သောအိမ်ထောင်စုများနှင့်အလွန်မပြေလည်သောအိမ်ထောင်စု များသည်လယ်/ယာအလုပ်များနှင့် ကျပန်း လုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = မရှိ အစာလျှော့စား = မရှိ အထောက်အပံ့ယူ = မရှိ ချေးယူ = မရှိ လုပ်အားခကြိုယူ = မရှိ
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = မရှိ အစာလျှော့စား = မရှိ အထောက်အပံ့ယူ = မရှိ ချေးယူ = မရှိ လုပ်အားခကြိုယူ = မရှိ
၆ လ မှ ၁၂		အခြားအစာပြောင်းလဲစား = မရှိ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
လအထိ ဝမ်းစာဖူလုံမှု		အစာလျော့စား = မရှိ အထောက်အပံ့ယူ = မရှိ ချေးယူ = ၅ လုပ်အားခကြိုယူ = ၃

ရင်းမြစ်..ဥစ္စာဓနအဆင့်“၃”နှင့်“၄”အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက် ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အဆင့်(၃) နှင့် အဆင့် (၄) အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူမှုအရ အခြားအစာပြောင်းလဲစားသောအိမ်ထောင်စုများ၊ အစာလျော့စားသော အိမ်ထောင်စုများမရှိပါ။ ချေးငွေယူသောအိမ်ထောင်စု(၅) စုနှင့် လုပ်အားခ ကြိုယူသော အိမ်ထောင်စု (၃) စုသာရှိပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက်	၁	၁	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေနားပင်လုံကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို များမှာ ကျား(၁)ဦးနှင့်မ(၁)ဦးရှိပြီး ရပ်ရွာမှကြည့်ရှုစောင့်ရှောက်ထားပါသည်။ မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၃ စု နှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု ၁ စုရှိသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေနားပင်လုံကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ အနည်းငယ်သာရှိပြီး ဧရာဝတီမြစ်ရေတက်လျှင် လယ်များနှစ်မြှုပ်ခြင်းကြောင့်ဖြစ်ပါသည်။ ပထမမြစ်ကျဉ်းနားတွင်ရှိသော အနီးဆုံးရွာဖြစ်သောကြောင့် ရေကြီးခြင်းမှာနှစ်တိုင်းနီးပါးဖြစ်ပြီး မြစ်ကမ်းများပြိုကျလေ့ရှိပါသည်။ တရားမဝင်သစ်များထုတ်လုပ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုများရှိသည်။ ကိုယ်ခံအားကျဆင်းမှု ရောဂါ၊ ငှက်ဖျားရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါများ ဖြစ်ပွားသူအနည်းငယ်ရှိပြီး ရေကြောင်းလမ်းခရီး သာရှိသောကြောင့် ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်။

(ဃ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၃	ဆင်းရဲသားတောင်သူ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များသည် မူးယစ်ဆေးဝါးအန္တရာယ်အချိန်မရွေးကျရောက်နိုင်ခြင်းကြောင့် ထိခိုက်မှုလွယ်မှုမြင့်သည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ ၊ ဆင်းရဲသားတောင်သူများ နှင့် လက်လုပ်လက်စားကျပန်းစသည် ၎င်းအိမ်ထောင်စုများသည် အရေးပေါ်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ထိခိုက် ခံစားလွယ်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

မြစ်ကမ်းဘေးနေထိုင်သူများနှင့် မြေနိမ့်ပိုင်းနေထိုင်သူများသည် ဧရာဝတီမြစ်ရေတက်ချိန်တွင် မြေပြိုမှုများဖြစ်ပေါ်တတ်ခြင်းနှင့် ရေမြုပ်ခြင်းများကြောင့်ဖြစ်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူမှုကူညီ ရေးအသင်း	၁☐ ၂☒ ၃☐	၆	၃	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☒ ညံ့ ☐
၂	ပေါ်ခိန်/ မယ်ခိန်	၁☐ ၂☒ ၃☐	၃၀	၄၃	၇၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☒ ညံ့ ☐
၃	ရပ်မိရပ်ဖ	၁☐ ၂☒ ၃☐	၅	-	၅	ပညာရေး ☒ ငွေကြေး ☒ ကျန်းမာရေး ☒ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☒ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း☐ သင့် ☒ ညံ့ ☐
၄	မီးသတ်	၁☐ ၂☒ ၃☐	၂၆	၄	၃၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း☒ သင့် ☐ ညံ့ ☐
၅	ကြက်ခြေနီ	၁☐ ၂☒ ၃☐	၃	၂	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☒ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း☒ သင့် ☐ ညံ့ ☐
၆	သဘာဝဘေး ကယ်ဆယ် ရေးအဖွဲ့	၁☐ ၂☒ ၃☐	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း ☒ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ရေနားပင်လုံကျေးရွာတွင်း အဖွဲ့ပေါင်း (၆) ဖွဲ့ရှိပြီး လူမှုကူညီရေးအသင်းအဖွဲ့(၁)ဖွဲ့၊ပေါ်ခိန်/မယ်ခိန်အဖွဲ့(၁)ဖွဲ့၊ရပ်မိရပ်ဖအဖွဲ့(၁)ဖွဲ့၊မီးသတ်အဖွဲ့(၁)ဖွဲ့၊ကြက်ခြေနီ အဖွဲ့(၁)ဖွဲ့နှင့် သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့(၁)ဖွဲ့တို့ဖြစ်သည်။ ၎င်းအဖွဲ့များသည် အချင်းချင်းစည်းလုံးမှုရှိကြပြီး စွမ်းဆောင်နိုင်မှုများလည်းကောင်းမွန်ကြသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	၄ာက်ဖျားတိုက်ဖျက်ရေးအဖွဲ့	၁☐ ၂☐ ၃☐ ၄☒ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☒ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	NCC (ရှမ်းရေးရာအဖွဲ့)	၁☒ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☒ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid,

USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊ နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊ အသင်းအဖွဲ့များ(ဥပမာ-သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ရေနှားပင်လုံကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအနေဖြင့် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့များမှလည်း ကျေးရွာတွင်ဆေးစိမ် ခြင်ထောင်များ ထောက်ပံ့ခြင်းနှင့် NCC (ရှမ်းရေးရာအဖွဲ့အစည်း) မှာ ပညာရေးအပိုင်းတွင်လိုအပ်သော ပညာသင်ယူမှုစရိတ်များ ထောက်ပံ့ဆောင်ရွက်သည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၆	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၇၈	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ရေနှားပင်လုံကျေးရွာတွင် အိမ်ခြေ (၇၈) ရှိသည့်အနက် မြေယာမဲ့ (၁၆) အိမ်၊ ၂.၅ဧကအောက်(၁၂)အိမ်၊ ၂.၅ဧကမှ ၅ ဧကကြား(၁၁) အိမ်၊ ၅ဧကမှ ၁၂.၅ ဧကကြား (၃၃)အိမ်နှင့် ၁၂.၅ဧကအထက်(၆)အိမ်ရှိသည်။ကျေးရွာအတွင်းရှိ နေထိုင်ကြသူအိမ်ထောင်စုမှာ စိုက်ပျိုးမြေပိုင်ဆိုင် မှု ၇၉.၅% ခန့်ရှိပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ကိုင်ကြသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်	ရေရရှိနိုင်မှု

		(ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ☒	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင် စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ☒	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ☒	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ☒	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်း ရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ☒	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☒ မဖြေဆိုပါ□	ရှိ☒ မရှိ□ မဖြေဆိုပါ □
၉	မြစ်ရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☒ မဖြေဆိုပါ□	ရှိ☒ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ရေနားပင်လုံကျေးရွာတွင် ရေးသွင်းဧရိယာများမရှိပဲ မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၂၆၇	တင်း	၅၀	၆၀	၅၅	၆	၁၁	မြင့်☒ လတ်☐ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐
ပြောင်း	၆၀	တင်း	၃၀	၅၀	၄၀	၅	၈	မြင့်☐ လတ်☒ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐
ပဲမျိုး	၅၀	တင်း	၁၀	၂၀	၁၅	၁၂	၄	မြင့်☐ လတ်☒ နိမ့်☐	မြင့်☐လတ်☒နိမ့်☐
မုန့်ညှင်း	၁၅	တင်း	၆	၁၅	၈	၁၁	၂	မြင့်☐ လတ်☒ နိမ့်☐	မြင့်☐ လတ်☒နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေနားပင်လုံကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးစိုက်ဧကပေါင်း (၂၆၇) ဧကရှိပြီး ဒွန်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံးထွက်နှုန်းမှာ တဧက တင်း ၅၀ ခန့်သာထွက်ရှိပါသည်။ သွင်းအားစုလိုအပ်ချက်မြင့်ပြီး အမြတ်ရရှိမှုလတ်ဖြစ်သည်။ ပြောင်းစိုက်ဧကပေါင်း(၆၀)ဧကရှိ အနည်းဆုံးထွက်နှုန်းမှာ တဧက တင်း၃၀မှ အများဆုံးတင်း ၅၀ထွက်သည်။။ပဲမျိုးစိုက်ဧကပေါင်း(၅၀) ဧက၊ အနည်းဆုံးထွက်နှုန်းမှာ တဧက တင်း၁၀ မှ အများဆုံး တင်း ၂၀ထွက်သည်။ ဆီမုန့်ညှင်းစိုက်ဧက ပေါင်း(၁၅)ဧကရှိပြီး အနည်းဆုံးထွက်နှုန်းမှာ တဧက ၆ တင်း မှ အများဆုံး တဧက ၁၅တင်း ပျမ်းမျှမှာ (၈)တင်း နှုန်းထွက်သည်။ ပြောင်း၊ပဲ၊မုန့်ညှင်း၏ သွင်းအားစုလိုအပ်ချက်လတ်ရှိပြီး အမြတ်ရရှိမှုလတ်ရှိပါသည်။ ဧရာဝတီမြစ်၏ ပထမမြစ်ကျဉ်းနှင့် အနီးဆုံးရွာဖြစ်သောကြောင့် နှစ်စဉ်ရေကြီးမှုများဖြစ်ပြီး လယ်များရေနှစ်မြှုပ်မှုနှင့် ကျွဲနွားတိရိစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုများရှိသောကြောင့် စိုက်ပျိုးရန်မျိုးများနှင့် တိရိစ္ဆာန်မျိုးများထောက်ပံ့ပေးစေလိုကြသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၂၃			

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	၄ားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
အစေ့ချ ကိရိယာ	၆			
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၃၁			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၅၄			

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာသုံးစက်ကရိယာအနေဖြင့် တစ်ဦးချင်းပိုင်ဆိုင်ကြပြီး လက်တွန်းထွန်စက် (၂၃) စီး၊ အစေ့ချကိရိယာ(၆)ခု၊ ရေစုပ်စက်(၃၁)လုံး၊ မြက်ရိတ်စက်(၅၄)ခုတို့ရှိပါသည်။ လယ်ယာသုံးစက်ကိရိယာများကို ၄ားရမ်းလုပ်ကိုင်သော အိမ်ထောင်စုများလည်းရှိသည်။ စပါးခြွေလှေ့စက်ကို တောပင်လုံကျေးရွာတွင်၄ားကြရပြီး စပါးတင်း (၁၀၀) လျှင် (၅) တင်းနှုန်း ပေးကြရပါသည်။ ထွန်စက်၄ားရမ်းအသုံးပြုမည်ဆိုပါက ထွန်/ထယ် အခင်း (၁)ဧကလျှင် ၂၅၀၀၀ နှုန်း ပေးရပြီး ထွန်/ထယ် လယ် (၁) ဧကလျှင် ၃၅၀၀၀ နှုန်းပေးကြရသည်။ ကျွဲ၊နွားဖြင့် ထွန်သော အိမ်ထောင်စုများလည်းရှိသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☒
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☒ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☒ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☒ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☒ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩာ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☒

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☒ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☒ မဖြေဆိုပါ ☐
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☒ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐ သီးနှံများကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ရာသီဥတုသင့်တင့်မျှတပြီး လယ်ယာမြေအသုံးချနိုင်မှုအသင့်အတင့်ရှိသည်။ သီးနှံစိုက်ပျိုးရေးအရင်းအမြစ်မှာလည်း အသင့်အတင့်ရှိသည်။ ချေးငွေနှင့်ငွေကြေး ဝန်ဆောင်မှုမှာ ရရှိနိုင်သည်ကို တွေ့ရှိရပါသည်။ သီးနှံမျိုးစေ့များကိုလည်း ဝိုင်းမော်မြို့တွင် တစ်အိတ် (၃၀၀၀၀) နှုန်းဖြင့် ဝယ်ယူနိုင်သည်။ ဓါတုပိုးသတ်ဆေး ၊ ဓါတ်မြေဩဇာများကိုလည်း ဆင်ဘိုမြို့နှင့် ဗန်းမော်မြို့များတွင် ဝယ်ယူရရှိနိုင်သည်။ နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနတွင်မေးမြန်းနိုင်သည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☒
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☒
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☒ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☒ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချ နိုင်ပါ ☒ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☒ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးအရင်းအမြစ်များနှင့် ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုမှာ အလွယ်တကူမရနိုင်ပါ။ မိုးရေကိုသာအဓိကထားစိုက်ပျိုးကြသည်။ သီးနှံမျိုးစေ့များကိုဝယ်ယူရရှိနိုင်သော်လည်း စျေးကြီးပြီး ဝယ်ယူရန်အလမ်းဝေးသည်။ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေဩဇာများကို ဝယ်ယူရရှိရန်ခက်ခဲပြီး ဓာတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့်အခြားဓါတုဗေဒသွင်းအားစုများကို အလွယ်တကူမရရှိနိုင်ပါ။ စိုက်ပျိုးချိန်တိုက်သော အချိန်များတွင်လည်း လုပ်သားအလွယ်တကူမရရှိနိုင်ပါ။ သီးနှံများကို ရောင်းချနိုင်သော်လည်း သီးနှံဖျက်ပိုး အသင့်အတင့်ကျရောက်သည်။ ၁၂ရာသီစိုက်ပျိုးနိုင်ရန် အတွက် ဆည်မြောင်းများပြုလုပ်ပေးစေလိုကြသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅	၁၆

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
နို့စားနွား		
ကျွဲ	၄၀	၂၀၀
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၅၅	၁၁၂
ကြက်	၆၇	၈၉၇
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ရေနားပင်လုံကျေးရွာတွင် မွေးမြူရေးကို ရွာဈေးကွက်သာရှိသောကြောင့် စီးပွားဖြစ် မွေးမြူလေ့မရှိကြပါ။ ငါးမွေးမြူခြင်းမရှိသော်လည်း ဧရာဝတီမြစ်အတွင်းဖမ်းယူစားသောက်ကြသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ☒
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☒ မဖြေဆိုပါ ☐

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☐ မဖြေဆိုပါ☒
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☒ မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☒
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☒
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☒ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☒
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☒
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ☒
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☒
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ☒
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☒ မဖြေဆိုပါ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း ကောင်းများအနေဖြင့် ရေရရှိမှုအသင့်အတင့်ရှိသည်။ ချေးငွေအသင့်အတင့်ရရှိနိုင်သည်။ အစိုးရမှ

ဖွင့်လှစ်သောတိရိစ္ဆာန်မွေးမြူကုသရေးသင်တန်းဆင်း (၁) ဦးရှိသောကြောင့် ဝန်ဆောင်မှုအအနည်းငယ်ရရှိပြီးကျွမ်းကျင်မှုလည်းရှိသည်။ မွေးမြူရေးထုတ်ကုန်များကိုလည်းရောင်းချနိုင်သည်။ အိမ်တိုင်းတွင် မွေးမြူရန် မြေနေရာ အသင့်အတင့်ရှိသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	**စားကျက်မြေ ရှားပါးသည် ☒ စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☐**
ရေရရှိမှု	**ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ☒**
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☐** **မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☒ မဖြေဆိုပါ ☐**
ချေးငွေ	**ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☒ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐**
သွင်းအားစု (**မွေးမြူရေး အစာ၊ ဆေး စသည်**) ဈေးကွက်	**သွင်းအားစုများ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☒** **သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐**
ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု	**နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ☐** **နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☐ မဖြေဆိုပါ ☒**
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☒** **ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐**
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	**အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ☐ မဖြေဆိုပါ ☒**
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	**ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ☒**
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	**လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☒**
ချေးငွေ	**လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံးဝ ချေးငွေမရပါ ☐ မဖြေဆိုပါ ☒**
သွင်းအားစု	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐**

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
လက်လှမ်းမီမှု	**မဖြေဆိုပါ** ☒
နည်းပညာ အကူ အညီနှင့် နည်းလမ်းများ	**နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ** ☐ **နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ**☐ **မဖြေဆိုပါ** ☒
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ** ☐ **ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ** ☐ **မဖြေဆိုပါ** ☒
ငါးဖမ်းခွင့် ရရှိနိုင်မှု	**မလွယ်ကူပါ** ☐ **မဖြေဆိုပါ** ☒

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ရေနားပင်လုံကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက် စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုမှာစားကျက်မြေရှားပါးသည်။ မျိုးကောင်းတိရစ္ဆာန်များ **ကိုဝယ်ယူနိုင် ခြင်းမရှိပါ။ မွေးမြူရေး** တိုးမြှင့်ရန် လွယ်ကူစွာချေးယူနိုင်ခြင်းမရှိ။ သွင်းအားစုများလွယ်ယူစွာ ဝယ်ယူ မရနိုင်ပါ။ ထုန်ကုန်များကိုရောင်းချနိုင်သော်လည်း စျေးကွက် မရှိ ရွာအတွင်းရောင်းချခြင်းသာရှိသည်။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

